# ခေတ်ပျိုပြ။

အလင်းမဲ့ ကမ္ဘာမှာ ရေးတဲ့

## ပန်းချီ



အခန်း(၁) သူမ၏ ခုတင်နှင့် မျက်စောင်းထိုးတွင် ရှိနေသော
နာရီအိုကြီးဆီမှ ဆယ့်နှစ်ချက်မြောက်
နာရီထိုးသံကြားလိုက်ရမှ ဆယ့်နှစ်နာရီတောင်
ထိုးသွားပြီဆိုသည့်အသိက သူမခေါင်းထဲ အတွေးတစ်ချက်
ဆောင့်ခနဲ ဝင်ရောက်လာခဲ့သည် ။

ဆယ့်နှစ်နာရီတောင် ထိုးနေပြီပဲ။ ပုံမှန်ဆိုရင် ဒီအချိန် ငါ အိပ်ပျော်နေရမှာ လေ။ အခုမှ ဘာလို့ မျက်စိက ကြောင်နေရတာပါလိမ့်။ မဟုတ်သေးဘူး . . . တစ်ခုခုတော့ လွဲမှားနေပြီ။ ဘေးတိုက်အနေအထားဖြင့် တခြားနံရံတစ်ဖက်တွင် ကပ်လျက်ရှိသော ခုတင်ပေါ်တွင် တော့ ဆယ်နှစ်အရွယ် သူမ၏ မောင်လေးက နှစ်ခြိုက်စွာ အိပ်ပျော်နေသည် ။

မဖြစ်ဘူး . . ငါ အိပ်ပျော်မှ ဖြစ်မယ် . . ဒီအချိန်ထိ ငါမအိပ်သေးတာကို မေမေသိသွားရင် အနည်းဆုံးတော့ ဗိုက်ခေါက်လိမ်ဆွဲတာခံရမှာ ပဲ . . ဟင့်အင်း . . အိပ်မှ ဖြစ်မယ် . . .

ကိုယ့်စိတ်ကို ပြန်လျှော့လိုက်ပြီး ဝင်လေထွက်လေမှတ်ကာ မျက်စိကိုမှိတ်ထားလိုက်သည် ။

တစ်စက္ကန့် . . .

နှစ်စက္ကန့် . . .

တစ်မိနစ် . . .

. . . . .

ငါးမိနစ် . . .

အိုး . . .အသက်ရှူကျပ်လိုက်တာ။ ဘယ်သူလဲ . . . အား . . . ငါ့အပေါ် ဘယ်သူတက်ဖိထားတာလဲ။ ဟင့်အင်း . . .မဟုတ်သေးဘူး . . .

တစ်ကိုယ်လုံးကို အရာဝတ္ထုတစ်ခုခုနှင့် ဖိထားသလို ခံစားလိုက်ရတာမို့ သူမ အိပ်ပျော်စမျက်လုံးကို မဖွင့်ချင်ဖွင့်ချင်နှင့် ဖွင့်ကြည့်လိုက်မိသည် ။

"အား . . ."

ရုတ်တရက် ယောကျ်ားတစ်ယောက်၏ မျက်နှာကို သူမနှင့် အနီးကပ်ဆုံးနေရာမှာ တွေ့လိုက်ရတာမို့ လန့်ပြီးအော်လိုက်မိသည် ။ ပြန်လည်ဆန်းစစ်ကြည့်လိုက်တော့ ဒီယောကျ်ား၏ ခန္ဓာကိုယ်တစ်ခုလုံးက သူမခန္ဓာကိုယ်ထက်မှာ မှောက်ရက်အနေအထားနှင့်ပါလား။

ဘုရား . . . ဘုရား . . .

ဘာတွေဖြစ်ကုန်တာလဲ။ ဒီလူက ဘယ်သူလဲ . . .

ဘယ်လိုလုပ် ငါ့အခန်းထဲ ရောက်နေရတာလဲ . . .

မောင်လေးရှိရာခုတင်ကို လှမ်းကြည့်လိုက်တော့ အိပ်မောကျနေသည့် မောင်လေးကို ခပ်မှိန်မှိန်အလင်းရောင်အောက်တွင် တွေ့လိုက်ရသည် ။

ထွက်လာသော ချွေးတွေကို ဂရုမစိုက်နိုင်တော့ဘဲ သူမခန္ဓာကိုယ်ပေါ်က ယောကျ်ားကို သူမတွင် ရှိသမျှအားကိုထုတ်သုံးကာ ခုတင်ပေါ်မှ တွန်းချလိုက်မိသည် ။

"ကဲဟာ . . ."

"ဗုန်း . . ."

ခုတင်အောက်သို့ရောက်သွားသော ထိုယောက်ျားမှာ နားမလည်နိုင်သော မျက်ဝန်းမျိုးနှင့် သူမကိုတစ်လှည့် သူလိမ့်ကျသော ကြမ်းပြင်ကိုတစ်လှည့်ကြည့်ပြီး

"တောက်!"

တစ်ချက်ခေါက်ကာ အခန်းထဲမှ ထွက်သွားတော့သည် ။

"ဟူး . . ."

သက်ပြင်းမောကိုချရင်း ဒါ အိပ်မက်လားဟု ကိုယ့်ကိုယ်ကိုယ် ပြန်တွေးမိသေးသည် ။ မဟုတ်ဘူး . . . ဒါ အမှန်တကယ်ဖြစ်ခဲ့တာ။

ထွက်လာသော ချွေးသီးချွေးပေါက်ကို အသာသုတ်ပြီး စားပွဲပေါ်ရှိ ရေချိုင့်ထဲမှ ရေတစ်ခွက်ငှဲ့ကာ သောက်လိုက်သည် ။

မဆိုးဘူး . . . စိတ်တော့ အတော်ငြိမ်သွားပြီ။

မောင်လေး ခုတင်သို့သွားကာ မောင်လေးအား လှုပ်နှိုးလိုက်သည် ။

"မောင်လေး . . . ဟိတ် . . . ထအုံး . . . ဟဲ့ . . . မြိုင်တန်း . . . ထအုံး . . . ငါပြောစရာရှိတယ်"

"ဟင် . . အင် . ."

မောင်လေးက အသံပေးရင်း မျက်စိဖွင့်ကြည့်လာသည် ။

"ဟင် . . မမ . . ဘာလဲဗျာ . . ဒီမှာ အိပ်နေတာကို . . "

"နင် အိပ်နေတာကိုသိတယ် . . အခု အရေးကြီးလို့ . . ငါတို့ အခန်းထဲကို လူတစ်ယောက်ဝင်လာတယ် . ."

"ဟမ် . . ဘယ်လို"

သူမစကားကြောင့် မောင်လေး အံ့သြသွားပုံတော့ရသည် ။ အံ့သြမှာ ပေါ့ ဒီအခန်းကို မေမေကိုယ်တိုင် အပြင်က သော့ခတ်ထားတာကိုး . . .

"ဟုတ်တယ်။ အသက်နှစ်ဆယ်လောက်ရှိမယ့် ယောကျ်ားတစ်ယော က်ဝင် လာပြီး ငါ့ခုတင်မှာ လာအိပ်တာ။ ငါတွန်းချလိုက်ရတယ်။ နင် ဘာမှ မကြားမိဘူးလား . ."

"ဟင့်အင်း"

မောင်လေးက တကယ် ဘာမှ မသိသလို ခေါင်းခါသည် ။

"သေချာလား . . ."

"အင်း . . ."

သူမက မယုံသလိုထပ်မေးတော့ ခေါင်းတဆတ်ဆတ်ညိတ်ပြသည် ။

"အခု အဲဒီလူ ဘယ်မှာ လဲမမ"

"ထွက်သွားပြီ"

"ဘယ်ကလဲ . . ."

"ဒီ တံခါးပေါက်က . . ."

သူမ လက်ညှိုးညွှန်ပြရာ တံခါးပေါက်က ဒီအခန်းထဲတွင် ရှိသော တ စ်ခုတည်းသော အဝင်အထွက်လုပ်လို့ ရသည့် တံခါး။

"အဲဒီတံခါးက မေမေ သော့ခတ်ထားတယ်လေ"

"မေမေ မေ့သွားတာနေမှာ ပေါ့ . ."

ပြောရင်း တံခါးနားသို့ သူမလျှောက်သွားလိုက်ကာ တံခါးကိုဖွင့်ကြ

ည့်လိုက်မိသည် ။ မရ . . တံခါးက အပြင်ကသော့ခတ်ထားတာ။

ဒီအခန်းထဲကို ဒီလူ ဘယ်ကနေဝင်လာတာလဲ။ ဒီအခန်းထဲကိုဝင်လို့ရတာကလည်း ဒီတံခါးတစ်ခုတည်းကပဲ ဝင်လို့ ရတာ။

ပြတင်းပေါက်တွေရှိပေမယ့် တံခါးတွေကို ချက်ချပြီး လိုက်ကာပါချထားတာ။ အိမ်သာနှင့် ရေချိုးခန်းတွင် လည်း လေဝင်ပေါက်ကလွဲ၍ တံခါးပေါက်မရှိ။ ဒါဆို ဒီလူ ဘယ်ကဝင်ပြီး ဘယ်ကထွက်သွားရတာလဲ။

သူမ သေချာမြင်လိုက်တာကတော့ ဒီလူထွက်သွားတာ ဒီတံခါးကပါ ။ အခု ဒီတံခါးက ဘာလို့ ဖွင့်မရတော့တာလဲ။

ဘုရားရေ . . မေမေများ ဒီလူ့ကို သူမတို့ အခန်းသော့ ပေးလိုက်တာလား။

"တံခါးက ပွင့်နေတာလား မမ"

မောင်လေး၏ အမေးကြောင့် သူမအတွေး တစ်ဝက်တစ်ပျက်နှင့် လွင့်စဉ်သွားရသည် ။

"ဟင့်အင်း . . ."

ပြန်ဖြေသော သူမအသံတွေ အဖျားခတ်က တုန်ယင်နေသည် ။

ဆယ့်ခြောက်နှစ်အရွယ် အပျိုစင်လေး သူမနှင့် ဆယ်နှစ်အရွယ် လူမမည်မောင်လေးတို့ နှစ်ယောက်တည်းသာနေသည့် ဒီအခန်းသော့ကို မေမေဘာလို့ ဒီလူ့လက်ထဲ ထည့်လိုက်ရတာလဲ။

"အဲဒီလူကို မမသိလား"

"ဘယ်လိုလုပ်သိမှာ လဲ။ ဒီအိမ်မှာ နင်ရယ် ငါရယ် မေမေရယ်ပဲရှိတာလေ။ ဘယ်သူစိမ်းတစ်ယောက်မှ ဒီအိမ်ကို မလာဖူးတဲ့ ဟာ"

သူမပြောရင်း တံခါးကို အဆက်မပြတ် ထုလိုက်ကာ . . .

"မေမေ . . . မေမေရေ . . မေမေ"

အသံကုန် ဟစ်အော်ခေါ်လိုက်သည် ။

သိပ်မကြာလိုက် ခြေသံ တရှပ်ရှပ်နှင့်အတူ တံခါးသော့ကိုဖွင့်သံပါကြားရသည် ။

"ဘာလဲ . . ဟေဝန် . . သမီး ဘာဖြစ်လို့ လဲ"

စိုးရိမ်တကြီး မေမေ့အသံက အခန်းထဲ ပျံ့လွင့်လာသည် ။ သူမ မေမေ့လက်ထဲက သော့တွဲကို ကြည့်လိုက်ကာ. . .

"သမီးအခန်းထဲကို လူတစ်ယောက်ဝင်လာတယ်"

"ဘာ . . ."

မေမေ့အသံကြောင့် သူမရော မောင်လေးပါ ဆတ်ခနဲ တုန်သွားရသည် ။

"ဘယ်သူလဲ"

"ယောက်ျားတစ်ယောက်"

"ဘယ်လို"

မေမေ့မျက်ဝန်းတွေက တစ်ခန်းလုံးကို ခြုံကြည့်ပြီး မောင်လေးထံတွင် ရပ်တန့်သွားကာ . . .

"ဟုတ်လား မြိုင်တန်း"

"မမကတော့ ပြောတာပဲ . . ."

မြိုင်တန်း၏ အဖြေက မရေရာ။ သူကိုယ်တိုင် မမြင်လိုက်တာကို

ဖော်ပြနေသည် ။

"သေချာတယ် မေမေ။ အသက်နှစ်ဆယ်အရွယ် ယောကျ်ားတစ်ယောက် သမီးခုတင်ပေါ်ကို . . "

"တော်စမ်း ဟေဝန်။ စာဖတ်ခန်းထဲက မဟုတ်မဟတ် လုပ်ဇာတ်တွေ လျှောက်ရေးထားတဲ့ စာအုပ်တွေကိုဖတ်ပြီး စိတ်ကူးတွေမယဉ်ဖို့ ငါ အတန်တန် သတိပေးထားတယ်နော်။ ဒီအခန်းကို သော့ခတ်ထားတာ။ ဒီအခန်းတင် မဟုတ်ဘူး ဒီတစ်အိမ်လုံးမှာ ရှိသမျှ အိပ်ခန်းတိုင်းကို သော့ခတ်ထားတာ။ အဲဒီသော့အားလုံးက ငါ့အနွေးထည်အိတ်ထဲမှာ အမြဲတမ်း ထည့်ထားတယ်။ ဘယ်သူစိမ်းမှ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ မရဘူး။ နားလည်လား"

"သမီးမြင်တာ သေချာတယ် မေမေ"

မေမေက သူမနားကပ်ကာ ဗိုက်ခေါက်လိမ်ဆွဲပြီး . .

"နင့် စိတ်ကူးယဉ်ဇာတ်လမ်းတွေကို ရပ်တန်းကရပ်ပြီး အခုအိပ်တော့"

" မဟုတ်ဘူး . . ဒီအိမ်ကြီးထဲမှာ သမီးတို့ မသိတဲ့ သူစိမ်းတစ်ယောက် ရောက်နေတာသေချာနေပြီ"

"ဖြောင်း! . . ."

"အား"

နောက်ထပ် မေမေ သူမကို ထပ်မရိုက်ခင် သူမ ခုတင်ပေါ်လှဲကာ စောင်ခေါင်းမြီးခြုံလိုက်သည် ။

"နှစ်ယောက်စလုံး ဘာစကားမှ ထပ်မပြောဘဲ အိပ်ကျတော့။ ငါ

နောက်ထပ် ဘာသံမှ မကြားချင်ဘူးနော်"

ပြောပြီး တံခါးပိတ်ကာ ထွက်သွားသော မေမေ့ခြေသံကို နောက်ဆုံးကြားလိုက်ရပြီး အရာအားလုံး အရင်ကအတိုင်း ပြန်လည်တိတ်ဆိတ်သွားပြန်သည် ။

ညဥ့်ငှက်များ ၏ အသံကိုသာ တစ်ချက်တစ်ချက် ကြားလိုက်ရပြီး သူမမျက်ဝန်းတွေကို ပြန်လည်အိပ်စက်နိုင်အောင် ကြိုးစားရပြန်သည် ။

ဒီအိမ်မှာ သူမတို့ မိသားစုသုံးယောက်အပြင် သူစိမ်းဘယ်နှယောက်ရှိနေသေးသလဲဆိုတာကို သူမ နားမလည်နိုင်သလို မေမေလည်း လက်ခံနားလည်လိမ့်မည်မဟုတ်ပေ။

သူမကြုံခဲ့တာ အိပ်မက်မဟုတ်ခဲ့သလို စိတ်ကူးယဉ်မှုလည်း မဟုတ်ဘူး ဆိုတာကိုတော့ . . .

***

## အခန်း(၂) "ဒေါ်ခက်ရွှေစင်" တစ်ယောက် ကိုယ်ပေါ်တွင် ခြုံထားသောစောင်ကို အသာဖယ်ပြီး ခုတင်ဘေးရှိ စားပွဲပေါ်မှ နာရီကို ယူကြည့်လိုက်သည် ။

အိုး . . .မနက်ခြောက်နာရီတောင် ထိုးတော့မှာ ပါလား . . . တော်ကြာဆို သားနဲ့ သမီး နိုးတော့မှာ ။ မနက်စာလုပ်ဦးမှ ပဲ။

သူမ ထပြီး မျက်နှာသစ် ကိုယ်လက်ဆေးကြောလိုက်ကာ မီးဖိုခန်းသို့ ဝင်ခဲ့သည် ။ ညက ကျန်သော ထမင်းကြမ်းကို ထမင်းကြော်ကြော်လိုက်ကာ ကြက်ဥဟက်ဖရိုက် သုံးလုံးကြော်ထားလိုက်သည် ။ ကော်ဖီကို အိုးနှင့်နှပ်ထားလိုက်ပြီး သားနှင့်သမီးကိုနှိုးရန် အပေါ်ထပ်သို့ တက်မည် အလုပ်။

"တီး . . . တောင်"

အိမ်ရှေ့တံခါးမကြီးမှ လူခေါ်ဘဲ(လ်)သံကြောင့် သူမရင်ထဲ ဒိန်းခနဲနှင့် တစ်ချက်ဆောင့်ခုန်သွားသည် ။ ကြာခဲ့ပြီပဲ . . .ဒီအိမ်တံခါးဘဲ(လ်)ကို တီးမယ့်သူမရှိခဲ့တာ တစ်နှစ်တောင် ကျော်ပေတော့မည်။

ဘယ်သူတွေဘာလိမ့် . . . .

တွေးရင်း သူမ တံခါးဆီသို့ လျှောက်လာခဲ့ကာ တံခါးကို ဖွင့်လိုက်သည် ။ မနက်စောစောဆိုရင် နှင်းတွေ ပိန်းပိတ်အောင် ကျတတ်တာ သူမတို့ မြို့၏ အစဉ်အလာတစ်ခုပေ။

သိပ်သည်းစွာထူနေသော နှင်းတွေကြားမှာ အသက်ငါးဆယ်အရွယ်

မိန်းမကြီးတစ်ယောက်နှင့် အသက်ငါးဆယ်ကျော်အရွယ် ယောက်ျားကြီးတစ်ယောက် အပြုံးနှင့် ရပ်နေကြသည် ။

"အော် . . ."

သူမ အခုမှ သတိရသွားပြီး . .

"သတင်းစာထဲက ကြော်ငြာကိုတွေ့လို့ အလုပ်လာလျှောက်တာထင်တယ်"

သူမစကားကြောင့် မိန်းမကြီးက ယောက်ျားကြီးကို တစ်ချက်ကြည့်ပြီး သူမဘက်သို့ ပြန်လှည့်လာကာ

"ဟုတ်ပါတယ်ရှင် အလုပ်လာလျှောက်တာပါ"

"ကောင်းပြီလေ။ အပြင်က အေးတယ်။ အထဲဝင်ပါ"

သူတို့ နှစ်ယောက်စလုံး အိမ်ထဲဝင်လာကြသည် ။ ဧည့်ခန်းထဲရောက်တော့ သူမက အရင် ထိုင်ခုံတွင် ထိုင်လိုက်ကာ

"ထိုင်ပါ . . . ကျွန်မအသက်ကတော့ သုံးဆယ့်ကိုးကျော်ပါပြီ။ အစ်မကြီးတို့ က . . ."

"မမလေး . . . မမလေးလို့ ပဲ ခေါ်မယ်နော်။ ကျွန်မနာမည်က ဒေါ်ခင်မြပါ"

"ကျွန်တော်ကတော့ ဦးခွန်စံပါ"

"အော် . . . ဟုတ်ကဲ့။ ဒါနဲ့ ဘာတော်ကြသလဲ"

"ကျွန်မတို့ က လင်မယားတွေပါ"

သူမစိတ်ထဲတွင် တော့ ထိုလင်မယားကို တော်တော်ကြီး ရင်းနှီးမိနေသလို ခံစားနေရသည် ။ ယုံလည်း ယုံကြည်မိပြန်သည် ။

"အော် . . . ကောင်းတာပေါ့။ ဦးခွန်စံက ခြံလည်း စောင့် မာလီလည်း လုပ်ပေါ့။ ဒေါ်ခင်မြကတော့ ဒီအိမ်ကြီးကို စီမံခန့်ခွဲပေးပေါ့။ ကျွန်မလည်း ကူပေါ့မယ်။ ဒါနဲ့ ဒေါ်ခင်မြတို့ မှာ သားသမီးရော ရှိရဲ့ လား"

သူမအမေးကြောင့် နှစ်ယောက်စလုံး မျက်နှာမကောင်းဖြစ်သွားကြသည် ။ သူမကတော့ သူတို့ လင်မယားကို အလုပ်ခန့်မိသည့်အတွက် နောင်တရလိမ့်မည်မထင်ပေ။

"သားတစ်ယောက်တော့ရှိပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သူ့ သူငယ်ချင်းတစ်စုနဲ့ ကျောက်တူးမယ်ဆိုပြီး ထွက်သွားတာ အခုထက်ထိ ဘာသတင်းမှ မကြားရတော့ပါဘူး"

"အော် . . စိတ်မကောင်းစရာပဲရှင်"

"မေမေ . . ."

ခေါ်သံကြောင့် သူမ ဆတ်ခနဲ သတိရသွားကာ . . .

"အော် . . ကျွန်မသမီးတွေ နိုး လာပြီ။ တံခါးဖွင့်လိုက်ဦးမယ်နော်။ ဒေါ်ခင်မြက မီးဖိုခန်းထဲဝင်ပြီး စားသောက်ဖို့ စီစဉ်လိုက်ပါ။ ဦးခွန်စံ က တော့ ခြံထဲကြည့်ပြီး လုပ်စရာရှိတာလုပ်ပေါ့"

ပြောပြီး သူမ အပေါ်ထပ်သို့ ပြေးတက်ခဲ့သည် ။

သမီးတို့ အခန်းရှေ့ရောက်တော့ တံခါးသော့ကို ဖွင့်လိုက်သည် ။ သမီးရော သားရော အပြင်ကိုထွက် လာပြီး

"စကားပြောသံတွေကြားလို့ . . ."

"ဟုတ်တယ် အိမ်ဖော်ရောက်နေတာလေ"

"ရှင် . ."

သမီး အံ့သြသွားပုံရသည် ။ ဘာမှ တော့ ထပ်မမေး. . .

"လာ မနက်စာ သွားစားရအောင် . ."

သားနှင့်သမီးကိုခေါ်ပြီး သားတို့ အခန်းကို ပြန်သော့ခတ်ခဲ့ကာ အောက်ထပ်သို့ဆင်းခဲ့သည် ။ မီးဖိုခန်းထဲတွင် 'ဒေါ်ခင်မြ' က သူမကြော်ထားသော ထမင်းကြော်ကို ပန်းကန်တွင် ထည့်ကာ အဆင်သင့်လုပ်ထားသည် ။

သားနှင့်သမီးကို စားပွဲတွင် နေရာချရင်း သူမပါ ဝင်ထိုင်လိုက်သည် ။

"ဒေါ်ခင်မြ ဒါ ကျွန်မသမီး ခက်ဟေဝန် အသက်ကတော့ ဆယ့်ခြောက်နှစ် မနှစ်က ဆယ်တန်းအောင်ထားတယ်လေ။ သားကတော့ ငါးတန်း ရောက်ပြီ။ နာမည်ကတော့ မြင့်တန်းတဲ့ "

"ဟုတ်ကဲ့ မမလေး။ ကလေးတို့ ရေ ကြီးကြီးနာမည်ကတော့ ဒေါ်ခင်မြတဲ့ ကလေးတို့ လိုအပ်တာမှန်သမျှ ခိုင်းလို့ ရတယ်နော်"

"ဟုတ်ကဲ့"

'ဟေဝန်' စိတ်ထဲတွင် တော့ အသားဖြူဖြူ ဝဝဖိုင့်ဖိုင့် ထိုမိန်းမကြီးကို တော်တော်ကို ခင်မင်သွားခဲ့သည် ။ တစ်နှစ်ပတ်လုံး အိမ်ထဲတွင် သာနေခဲ့ရသော သူမတို့ မောင်နှမအတွက်တော့ အဖော်ကောင်းတစ်ယောက်ရပြီပဲ။

မေမေကတော့ သူမထက် အရင်စားပြီးသွားကာ

"ဒေါ်ခင်မြ ဟင်းတွေကို အသီးအရွက်ပဲချက်ပါ။ ကလေးတွေက အသားတွေ ငါးတွေနဲ့ မတည့်ဘူး။ ကျွန်မ ရေသွားချိုးလိုက်ဦးမယ် စိတ်ချမယ်နော်"

"ဟုတ်ကဲ့ မမလေး"

'ဒေါ်ခက်ရွှေစင်' မိမိအခန်းထဲသို့ ဝင်ခဲ့လိုက်ပြီး ရေချိုးကြွေဇလုံထဲတွင် ရေပူရေအေး စပ်လိုက်ကာ ကိုယ်ပေါ်တွင် ဝတ်ထားသော အင်္ကျီကို ချွတ်လိုက်သည် ။ ရေမချိုးခင် အင်္ကျီတွေကို လျှော်မည့်ခြင်းထဲသို့ ပစ်ထည့်လိုက်ပြီးမှ သော့တွဲတွေရှိသေးတာကို သတိရပြီး အင်္ကျီကို ပြန်ယူလိုက်သည် ။

အင်္ကျီအိတ်ထဲမှ သော့တွဲနှစ်တွဲကိုထုတ်ကာ စားပွဲပေါ်တင်လိုက်သည် ။ သေချာစေရန် တစ်ဖက်အိတ်ထဲလည်း နှိုက်စမ်းလိုက်တော့ စာရွက်တစ်ရွက်ထွက်လာသည် ။ ထိုစာရွက်ကိုမြင်တော့ သူမထိတ်လန့်သွားရသည် ။

ဒီ . . ဒီ စာရွက်က ဘယ်လိုလုပ် . . .

ဟာ . . ငါမှ ဒါကို မထည့်ဖြစ်တာပဲ . . .

ဒါဆို . . .

**

"သမီးတို့ မေမေက ဆရာဝန်မလို့ လူတွေကပြောကြတယ်။ ဟုတ်လား သမီး"

"ဟုတ်တယ် ကြီးကြီး၊ မေမေက အရေပြားအထူးကုဆရာဝန်ပါ။ အခုတော့ အနားယူထားတယ်"

"ဟုတ်တယ် ကြီးကြီး . . သားတို့ က ဘာအလုပ်မှ မလုပ်လည်း ဒီတစ်သက် မဟုတ်ဘူး နောက်ဆယ်သက်အထိ ထိုင်စားလို့ ရတယ်။ သားတို့ ဘိုးဘွားတွေထားခဲ့တဲ့ စည်းစိမ်က . . ."

"မြိုင်တန်း . . ."

တံခါးဝမှ ပေါ်လာသော မေမေ့၏ ခက်ထန်သော မျက်နှာထားနှင့် ဟိန်းခနဲထွက်လာသော အသံကြောင့် 'မြိုင်တန်း' တစ်ယောက် ဇက်က လေး ပုသွားသည် ။

"မင်းကို ကလေးက ကလေးစကားပြောလို့ ပြောထားတယ်လေ။ ဒေါ်ခင်မြ ကလေးတွေကို လျှောက်လျှောက်မမေးပါနဲ့ ။ အဓိကကတော့ ဟောဝန်ကိုပဲ ဟောဝန်က သိပ်စိတ်ကူးယဉ်တတ်တဲ့ မိန်းကလေး လုပ်ကြံ ဇာတ်လမ်းပြောတတ်တာ နံပါတ်ဝမ်းပဲ"

"ဟွန်း"

သူမ မေမေ့ကို နှာခေါင်းရှုံ့ရင်း မျက်စောင်းပါလှမ်းထိုးလိုက်မိသည် ။

"ဒေါ်ခင်မြ ပြီးရင် ကျွန်မနဲ့ ခဏလိုက်ခဲ့ဦး"

"ဟုတ်ကဲ့ မမလေး"

"ဟောဝန်နဲ့ မြိုင်တန်း မေမေတို့ မလာမချင်း ဒီအခန်းထဲက မထွက်နဲ့ သော့ခတ်ခဲ့မယ်"

'မြိုင်တန်း' က ခေါင်းညိတ်ပြသည် ။

ဧည့်ခန်းထဲရောက်တော့ 'ဒေါ်ခင်မြ' က

"ဘာခိုင်းစရာရှိလို့ လဲ မမလေး"

"ဒ ိမ ၂၁ ဒေါ်ခင်မြ။ ကျွန်မက လိမ်တာမကြိုက်ဘူးနော်။ အမှန်အတိုင်းပြောပြပါ။ ကျွန်မ လွန်ခဲ့တဲ့ တစ်ပတ်လောက်က အိမ်ဖော် တစ်ယောက်နဲ့ မာလီတစ်ယောက်တော့ ဒီအိမ်မှာ ထားမှ ပဲလို့ စိတ်ကူး

ရလို့ ဒီမြို့ရဲ့ တစ်ခုတည်းသော စာစောင်လေးမှာ ကြော်ငြာထည့်မယ်လို့ လုပ်ခဲ့တယ်။ ဒီမှာ အဲဒီကြော်ငြာထည့်မယ့် စာရွက်။ ကျွန်မ မေ့ပြီး စာစောင်မှာ ကြော်ငြာလုံးဝမထည့်ဖြစ်ခဲ့ဘူး။ ဒါပေမဲ့ ရှင်တို့ လင်မယားနှစ်ယောက်ကတော့ စာစောင်မှာ တွေ့လို့ အလုပ်လာလျှောက်တာလို့ ပြောခဲ့တယ်။ ကျွန်မကလည်း မေ့ပြီးထည့်ခဲ့တယ်လို့ ပဲ စိတ်မှာ ထင်နေခဲ့တာ ။ အခုတော့ ရှင်တို့ နှစ်ယောက် ဘာကိစ္စနဲ့ ဒီအိမ်ကိုရောက်လာကြတာလဲ။ ဘာအကြံအစည်ရှိနေလို့ လဲ။ အခုပြော"

သူမစကားဆုံးတော့ 'ဒေါ်ခင်မြ' ထံမှ ရှိုက်သံတစ်ဝက်နှင့်အတူ စကားသံတချို့ ထွက်ကျလာခဲ့သည် ။

"ဒီလို . . ဒီလိုပါ မမလေး။ ကျွန်မ ပထမပြောချင်တာက ဒီအိမ်ကို ကျွန်မတို့ လင်မယား အလုပ်လာလျှောက်တာမဟုတ်ပါဘူး။ ဒုတိယကတော့ မမလေးတို့ မိသားစုအပေါ်မှာ ဘာမှ မကောက်ကျစ် မယုတ်မာပါဘူး"

"အဲဒါဆို ဘာလို့ အိမ်ဖော်အဖြစ် ဟန်ဆောင်နေတာလဲ"

"ကျွန်မတို့ လင်မယားဟာ ဒီမြို့လေးရဲ့ လေးမိုင်အကွာမှာ ရှိတဲ့ ရွာလေးတစ်ရွာကပါ။ မမလေးကို ပြောခဲ့သလိုပဲ ကျွန်မတို့ မှာ သားလေးတစ်ယောက်ရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျောက်တူးမယ်ဆိုပြီး ရွာကထွက်သွားခဲ့တယ် . . .

လုံးဝအဆက်အသွယ်မရခဲ့ပါဘူး။ ပြီးခဲ့တဲ့ သုံးရက်လောက်က မိတ်ဆွေတစ်ယောက်က သားလေးနဲ့ တူတဲ့ လူတစ်ယောက်ကို ဒီမြို့မှာ တွေ့ခဲ့တယ်လို့ ပြောလို့ စုံစမ်းရအောင် လင်မယားနှစ်ယောက် မနက်စောစော ထွက်လာခဲ့ကြတာပါ။ ဒီရောက်တော့ နှင်းတွေအရမ်းကျနေပြီး လမ်းဆက်လျှောက်ဖို့ ဘယ်လိုမှ မဖြစ်တော့လို့ မမလေးတို့ အိမ်ကို အကူ

အညီဝင်တောင်းတာပါ။ ခဏတည်းဖို့ အတွက်ပေါ့။ ကျွန်မတို့ က ဘာမှ မပြောရသေးခင် မမလေးက အရင် အလုပ်လာလျှောက်တာလားလို့ မေးတော့ ကျွန်မစိတ်ထဲ ဒီမှာ အလုပ်လုပ်ရင်း သားလေးအကြောင်းကို ဆက်စုံစမ်းမယ်လို့ စိတ်ကူးရလို့ ပါ။ ကျွန်မတို့ မှာ ဘာအကြံအစည်မှ မ ရှိပါဘူး မမလေးရယ်"

မျက်နှာငယ်လေးနှင့် ပြောနေသော 'ဒေါ်ခင်မြ' ကို သူမ စာနာမိသွား ရသည် ။ သူမဘဝကရော 'ဒေါ်ခင်မြ' နှင့် ဘာထူးလို့ လဲ။ 'ဒေါ်ခင်မြ' က သူ့သားကို မျှော်နေရတာ သူမကတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သင်္ဘောတက်သွားသော သူမရဲ့ ချစ်လှစွာသောခင်ပွန်း 'ကိုသွေးထိုက်' ကို မျှော်နေခဲ့ရတာလေ။

သေသလား ရှင်သလား မသိရ။ စာမလာ သတင်းမကြားခဲ့ရတာ သုံး နှစ်တောင် ပြည့်တော့မည်ပဲလေ။

"စိတ်မကောင်းပါဘူး ဒေါ်ခင်မြ။ ဒီအိမ်မှာ ပဲနေပြီး ဒေါ်ခင်မြတို့ သားအကြောင်း ဆက်စုံစမ်းပေါ့။ ဒေါ်ခင်မြတို့ လင်မယားကို စားရိတ်ငြိ မ်း တစ်လ ခြောက်သောင်း အသားတင်ပေးမယ် ကျေနပ်လား"

"ဒီအိမ်မှာ နေခွင့်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ မမလေးရယ်"

"အားမနာပါနဲ့ ။ ထိုက်သင့်တဲ့ ငွေကြေးပေးတာပဲ ယူပါ။ ကလေး တွေကို ဂရုစိုက်ပေးရင်ပဲ ကျေနပ်လှပါပြီ။ အသီးအရွက်တွေကုန်ရင် ဒီ အိမ်နောက်က တောင်ကုန်းလေးကိုကျော်လိုက်ရင် စိုက်ခင်းတွေရှိတယ် ။ အဲဒီမှာ သွားဝယ်လိုက်နော်။ မနက်စောစောတို့ ညနေစောင်းတို့လို အ ချိန် သွားဝယ်ရင် ပိုပိုသာသာလေးရတယ်။ ဆီတို့ ဘာတို့ လည်း အဲဒီမှာ ပဲဝယ် လက်ကြိတ်ဆီစစ်စစ်ရတယ် သိလား။"

"ဟုတ်ကဲ့ မမလေး။ နောက်ဆို အသီးအရွက်လည်း ဝယ်စားစရာမ

လိုတော့ပါဘူး။ ဦးခွန်စံက ခြံထဲမှာ စိုက်ပေးပါလိမ့်မယ်။ ကျွန်မတို့ ကျောင်းမှာ စိုက်ခင်းစိုက်စားတာလေ။"

'ဒေါ်ခင်မြ' စကားကြောင့် သူမပြုံးရင်း ခေါင်းညိတ်ပြလိုက်သည် ။ အင်း . . . ကလေးတွေအတွက်ရော 'ဒေါ်ခင်မြ' တို့ လင်မယားဟာ စိတ်ချရပါ့မလား။ အေးလေ . . စောင့်ကြည့်ရသေးတာပေါ့ . . .

***

မြို့ကလေး၏ တစ်ခုတည်းသောစာစောင်

မြို့လေးတွင် နေထိုင်သော လူများ တွင် ရောင်းချရန်ပစ္စည်း၊ ဝယ်ယူချင်သည့်ပစ္စည်းကိုကြော်ငြာခြင်း၊ မြို့တွင်းဖြစ်ပျက်နေသော အဖြစ်အပျက်များ စသည် တို့ ကို သတင်းစာကဲ့သို့ ထုတ်လုပ်ထားသော မြို့လေး၏ စာစောင်၊ မြို့လေး၏ တစ်နေ့အတွင်း ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို သိချင်လျှင် ထိုစာစောင်ကိုဖတ်လျှင် သိနိုင်သည် ။

သုံးရက်ခြားတစ်ခါထွက်သည် ။